လူသားတို့သည် ဥစ္စာပစ္စည်းနှင့်ပြည့်နှက်နေသော
ချိုင့်ဝှမ်းနှစ်ခုကို ပိုင်ဆိုင်ခဲ့လျှင်လည်း
တတိယချိုင့်ဝှမ်းတစ်ခုကို ထပ်မံတောင့်တပေလိမ့်မည်
အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ လူသားတို့သည်
ဥစ္စာပစ္စည်းနှင့်ပြည့်နှက်နေသော ချိုင့်ဝှမ်းနှစ်ခုကို
ပိုင်ဆိုင်ခဲ့လျှင်လည်း တတိယချိုင့်ဝှမ်းတစ်ခုကို ထပ်မံတောင့်တပေလိမ့်မည်။
လူသား၏ဝမ်းဗိုက်ကို မြေကြီးမှလွဲ၍ အဘယ်အရာကမျှ မပြည့်စေနိုင်ချေ။
အလ္လာဟ်အရှင်မြတ်သည် သောင်ဗဟ်အမှားဝန်ချတောင်းပန်သူ၏ သောင်ဗဟ်ကို လက်ခံတော်မူ၏။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ - လူသားသည်
ရွှေနှင့်ပြည့်နှက်နေသော ချိုင့်ဝှမ်းတစ်ခုကို ရရှိခဲ့လျှင်၊ သူသည် လူ့သဘာဝအရ
တပ်မက်မှုကြောင့် နောက်ထပ် ချိုင့်ဝှမ်းနှစ်ခုကို လိုချင်ပေလိမ့်မည်။ သူသည်
လောကီ၌ရှိသော ဥစ္စာပစ္စည်းများကို စုဆောင်းရန် အမြဲတမ်း
လိုလားတောင့်တနေလိမ့်မည်ဖြစ်ပြီး နောက်ဆုံး၌ ကွယ်လွန်သေဆုံးကာ သူ၏ဝမ်းဗိုက်သည်
သူ၏ကဗရ်မြေကြီးဖြင့်သာ ဖြည့်တင်းရလိမ့်မည်။
https://www.sunnah.global/hadeeth/my/show/4963